# 3 ကလေးမွေးဖွားစရိတ် နှင့် အသီးသီးသောထောက်ပံ့ကြေး၊

သာမန်ကလေးမွေးဖွားခြင်းသည်ကျန်းမာရေးအာမခံပြင်ပကုသခြင်းဖြစ်သောကြောင့်ကိုယ်ဝန်ဆောင်စဉ်ပုံမှန်ဆေးစစ်ခြင်းကိုပါထည့်သွင်းပါကအတော်အတန်များပြားသောငွေကြေးကုန်ကျမှုရှိသည်။ထို့အပြင်ကလေးမွေးဖွားပြီးနေ့မှ၁၄ရက်အတွင်းမွေးဖွားပြီးကြောင်းအကြောင်းကြားခြင်းကိုမပျက်မကွက်ပြုလုပ်ရန်လိုအပ်သည်။မွေးဖွားရန်လိုအပ်သောစားရိတ်နှင့်လုပ်ဆောင်ရန်လိုအပ်သည်များကိုသိထားရန်လိုအပ်သည်။

## 3-1 ကျန်းမာရေးအာမခံနှင့်မွေးစားရိတ်

ကိုယ်ဝန်ဆောင်ခြင်း၊ကလေးမွေးဖွားခြင်းသည်ရောဂါဖြစ်သည်ဟုမသတ်မှတ်သောကြောင့်သာမာန်ကလေးမွေးဖွားခြင်းတွင်ကျန်းမာရေးအာမခံကိုအသုံးပြု၍မရပါ။လိုအပ်သောငွေကြေးကိုကြိုတင်ပြင်ဆင်ထားရန်လိုအပ်သည်။ဂျပန်နိုင်ငံတွင်ကလေးမွေးဖွားရန်အတွက်တစ်ပတ်ခန့်ဆေးရုံတက်ရန်လိုအပ်ပြီးကုန်ကျစရိတ်မှာယန်းငွေ၄၁သိန်းခန့်ပြင်ဆင်ထားရန်လိုအပ်သည်။သို့သော်လည်း အများပြည်သူဆိုင်ရာ ကျန်းမာရေးအာမခံဝင်ထားသူများအနေဖြင့် ကလေးမွေးဖွားပြုစုပျိုးထောင်ရေး တစ်လုံးတစ်ခဲထောက်ပံ့ကြေးကိုခံစားရယူနိုင်ပါသည်။(ကုန်ကျစရိတ်ကို သက်ဆိုင်ရာဆေးကုသရေး ဌာနသို့ တိုက်ရိုက်ပေးသွင်းသည်။)